လင်းလက်မြေစာပေ

# နှင်းသီရိကျက်သရေ



# ရှင်သန်ခြင်း အလင်းရောင်

# အခန်း (၁)

“အဘဘိုးတော်သိကြား အပါအဝင် သာသနာစောင့် နတ်မင်းကြီးလေးပါး ဝိဇ္ဇာပေါင်ချုပ် အဘအောင်မင်းခေါင်အစရှိသော ဝိဇ္ဇာအပေါင်းအမေသူရဿတီမယ်တော် အစရှိသော မယ်တော် အပေါင်း၊ ဝိဇ္ဇာအပေါင်း၊ ရဟန္တာအရှင်သူမြတ်များအပေါင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်သူတော်စင် သူတော်မြတ်အပေါင်း သိုက်နန်းရှင် အစ်ကိုအစ်မများအပေါင်း၊ ရသေ့အပေါင်း၊ ဆရာအပေါင်း၊ ၃၁-ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေရများအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ”

“ပြုပြုသမျှ ကုသိုလ် အဖို့ဘာဂတို့ကို အမျှ-အမျှ-အမျှ ပေးဝေပါ၏ ၊ သာဓု-သာဓု-သာဓု ခေါ်ကြပါရန်”

“နောင် ဒူ ဝေ-ဝေ”

ဘွားမြငြိမ်း၏ မေတ္တာပို့သံနှင့်အတူ ထွက်ပေါ်လာသော ကြေးစည်သံလွင်လွင်လေးသည် ကြားရသူအပေါင်း၏ စိတ်ဘဝင်ကို အေးမြစေပါသည်။နံနက်ခင်းလေးသည် ဘွားမြငြိမ်း၏ မေတ္တာပို့သံများအောက်တွင် ပျော်ရွှင်စွာဖြင့် အသက်ဝင်လာပါသည်။

“ဒေါ်လေးရေ…အရဏ်ဆွမ်း ထွက်လောင်းရအောင်၊ ကြေးစည်းထုသံကြားနေရပြီ”

“အေး-အေး-သွားကြတာပေ့ါ”

ဘွားမြငြိမ်း၏ တူမဖြစ်သူ ဒေါ်နွယ်ငြိမ်းသည် ဘွားမြငြိမ်းအား ဆွမ်းလောင်းရန် ဇွန်းကြီးကို ကမ်းပေးလိုက်သည်။ သူမကိုယ်တိုင်မှာမူ

ဆွမ်းတစ်ချိုင့်၊ ဆွမ်းဟင်း တစ်ချိုင့်ကို ကောက်ဆွဲ လိုက်သည်။

ဘွားမြငြိမ်းတို့ တူဝရီးနှစ်ယောက်သည် ဆွမ်း၊ ဆွမ်းဟင်းချိုင့်ကိုယ်စီဖြင့် အရဏ်ဆွမ်း လောင်းရန် နေအိမ်လမ်းသွယ်လေးမှ လမ်းမကြီးပေါ်သို့ လျှောက်ခဲ့ကြသည်။

ဘွားမြငြိမ်းတို့ တူဝရီးနှစ်ယောက်သည် ဝါတွင်းသုံးလပတ်၏ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အမြဲတမ်း အရဏ်ဆွမ်းလောင်းလှူနေကျ-

သံဃာတော်များအား ဆွမ်းလောင်းလှူအပြီး နေအိမ်သို့ပြန်ခဲ့ကြသည်။

"အမလေး"

ဒေါ်နွယ်ငြိမ်းသည် တောင်းတစ်ခုနှင့် ရုတ်တရက် ခလုတ်တိုက်မိသည်။ လဲကျမလိုဖြစ်သွား သဖြင့် ဘွားမြငြိမ်းလှမ်းဆွဲလိုက်ရသည်။

"နွယ်နွယ်ရယ် အလင်းရောင်က သိပ်ရှိသေးတာမဟုတ်ဘူး၊ လမ်းသွားရင် ကြည့်သွား ပါလား၊ ငါ့လိုအဘွားကြီးတောင် ခလုတ်မတိုက်ရဘဲ ငယ်တဲ့သူကပဲ ခလုတ်တိုက်ရတယ်လို့"

ဘွားမြငြိမ်းကား ဒေါ်နွယ်ငြိမ်း၏ လက်ကိုကိုင်ထားရင်း တဗျစ်တောက်တောက် ပြောနေသည်။

"ဟာ-ဒေါ်လေးကလဲ၊ နွယ်က လမ်းသွားရင် သတိနဲ့ သွားတာပါ၊ နွယ်တို့ဆွမ်း ထွက်လောင်းတုန်းက ဒီတောင်းကြီး မရှိပါဘူး၊ အခုပြန်ဝင်မှ ဒီတောင်းကြီးက ဒီရောက်နေတာ ဒါကြောင့် နွယ် ဝင်တိုက်မိတာပေ့ါ။

"ဟဲ့- နွယ်နွယ်ရယ်၊ နင့်ဟာနင် နမော်နမဲ့နိုင်ပြီး ဝင်တိုက်တာကျတော့ ထည့်မပြောဘူး၊ တောင်းကပဲ သူ့အလိုအလျောက်ရောက်လာလို့ပဲ တိုက်ရသလို"

ဒေါ်နွယ်ငြိမ်းစိတ်ထဲ မတင်မကျ ဖြစ်နေသည်။ သူမတို့ ဆွမ်းထွက်လောင်းတုန်းက ဒီတောင်းမရှိ။ အခုအပြန်ကျမှ ဒီတောင်းကိုတွေ့ရခြင်း။

“ဟဲ့ - နွယ်နွယ် ဘာရပ်လုပ်နေတာလဲ၊ လာလေ အိမ်ပြန်ကြမယ်”

ဘွားမြငြိမ်းက လက်ဆွဲ ခေါ်နေသဖြင့် အိမ်ဘက်သို့ ဦးတည်အလှမ်း....

“အူဝဲ အူဝဲ အူဝဲ”

ရုတ်တရက် ကြားလိုက်ရသော ကလေး ငိုသံကြောင့် တူဂရီးနှစ်ယောက်စလုံး၏ လှမ်းလက်စခြေလှမ်းများ ရပ်တန့်သွားကြသည်။

“နွယ်နွယ် ကလေးငိုသံ မဟုတ်လား”

“ဟုတ်တယ် ဒေါ်လေး၊ ကလေးငိုသံ”

“ငါတို့လမ်းထဲမှာ ကလေးပေါက်စနလဲ တစ်ယောက်မှ မရှိပါဘူး၊ ဘယ်ကပါလိမ့်”

အဝဲ အူဝဲ အူဝဲ”

ကလေးငိုသံသည် တူဂရီးနှစ်ယောက်အနီးမှ စူးရှစွာ ပေါ်ထွက်လာပြန်သည်။

ဒေါ်နွယ်ငြိမ်း၏ အကြည့်များသည် ခလုတ်တိုက်ခဲ့မိသော တောင်းကြီးဆီသို့ ရောက်သွားသည်။

ဒေါ်နွယ်ငြိမ်းသည် တောင်းကြီး အနီးတွင် ဆောင့်ကြောင့် ထိုင်ချလိုက်သည်။

ခပ်လှမ်းလှမ်းရှိ လမ်းမီးတိုင်မှ အလင်းရောင်အနည်းငယ်နှင့် ထွက်စပြုနေသော နေရောင်ခြည်ကြောင့် အရာဝတ္ထုများကို ခပ်ကွဲကွဲမြင်ရပြီ။

ဒေါ်နွယ်ငြိမ်းသည် တောင်းကြီးကို အသေအချာကြည့်လိုက်သည်။

တောင်းပေါ်တွင် အုပ်ကာထားသော အဝတ်ကို ဖယ်သွားလိုက်သည်။

“ဟင်....ကလေးတစ်ယောက်ပါလား”

"ဒေါ်လေးရေ- တောင်းကြီးထဲမှာ ကလေးတစ်ယောက်ပါလား"

"ဟယ်-ဟုတ်ပါရဲ့၊ ဘယ်သူ လာပစ်သွားပါလိမ့်"

"အူဝဲ အူဝဲ"

ကလေးငယ်သည် လေအဝှေ့တွင် ကျယ်လောင်စွာ ငိုလိုက်ပြန်သည်။

"အို- ချမ်းရှာတယ်ထင်တယ်၊ သနားစရာလေးနော် ဒေါ်လေးရယ်"

"ဟုတ်ပါရဲ့၊ ကဲ- နွယ်နွယ်ရေ၊ နင့်လက်ထဲက ချိုင့်တွေ ငါ့ပေး၊ နင်ကတော့ ဒီတောင်းကြီး မ,ခဲ့ပေတော့၊ ငါတို့နဲ့ ထိုက်လို့ ဒီကလေး ငါတို့နဲ့တွေ့တာ ငါတို့မွေးစားမယ်၊ ကဲ-မ,ခဲ့ပေတော့၊ လူရိပ်လူခြေကင်းတုန်း"

"ဟုတ်ကဲ့ ဒေါ်လေး

ဘွားမြငြိမ်းသည် ရှည်လျားစွာပြောအပြီး ချိုင့်ဆွဲကာ ခပ်သုတ်သုတ်ထွက်ခဲ့တော့သည်။

ဒေါ်နွယ်ငြိမ်းသည် ကောင်းကြီးထဲမှ ကလေးငယ်ကိုညင်သာစွာ ပွေ့ယူလိုက်သည်။

ပတ်ထားသော အနီးစလေးကို ဖယ်ရှားလိုက်သည်။

ဖြူဖြူဖွေးဖွေး ချစ်စဖွယ် မိန်းကလေး တစ်ယောက်-

"ဟာ- ဒေါ်လေးရေ မိန်းကလေးတော့"

"အေးပေါ့ကွယ်၊ ဒေါ်လေးရဲ့ ဝမ်းမနာမြေးနွယ်နွယ်ရဲ့ တူမလေးပေါ့"

"ချစ်စရာကောင်းလိုက်တာ ဒေါ်လေးရယ် မျက်နှာလေးကိုကြည့်နေတာပဲ"

ဒေါ်နွယ်ငြိမ်းသည် ကလေးငယ်အား သူမပါးလေးနှင့် ထိကပ်ရင်း ပြောခြင်းပါ။ ကလေးငယ်၏ ပါးကလေးကို ဆွဲလိုက်၊ နှာခေါင်းသေးသေးလေးကို

ဆွဲလိုက်ဖြင့် အသည်းယား နေသည်။

"နွယ်နွယ် ဒေါ်လေးတစ်ခုပြောမယ်နော်"

ဘွားမြငြိမ်းသည် ကလေးငယ်အား ချစ်စနိုးစိုက်ကြည့်ရင်း ပြောလိုက်ခြင်းပါ။

"ဘာများလဲဒေါ်လေး

"ပတ်ဝန်းကျင်က မိတ်ဆွေတွေက ဒီကလေးဘယ်ကရလဲလို့ မေးရင်တော့ ငါ့ညီမဂမ်းကွဲ တစ်ယောက်ရဲ့ မြေးလို့ပြော၊ ငါတို့ကအသက်ကြီးလာလို့ ကျောထောက်နောက်ခံ ဖြစ်အောင် မွေးထားတာလို့ပြော ကြားလား"

"ဟုတ်ကဲ့ပါဒေါ်လေးရဲ့ နွယ်နားလည်ပါတယ်၊ ဟယ် ဒေါ်လေး ဒီမှာစာခေါက်လေးတစ်ခု ပါလား"

"ပေးစမ်း ပေးစမ်း"

ကလေးအနီးကြားမှ ထွက်ကျလာသော စာခေါက်လေးကို ဘွားမြငြိမ်း ဆွဲယူဖတ်ကြည့် လိုက်သည်။

သို့....

ဤကလေးငယ်နှင့် ကံစပ်သူလူကြီးမင်းခင်ဗျာ-

ဤကလေးငယ်သည် မိကောင်းဖခင် သမီးလေးဖြစ်ပါတယ်။ ဤကလေး၏ မိဘများသည် ဤကလေးမွေးပြီး နှစ်လအကြာတွင် သောင်းကျန်းသူများ သတ်၍ သေဆုံးသွားပါတယ်။ မိဘမရှိတော့၍ ဤသမီးလေးအား ဤသမီးလေး၏ အဒေါ်( ကျွန်တော် ခြေတစ်ဖက်ပြတ် ဒုက္ခိတ ၏ ဇနီး) က ခေါ်ယူမွေးစားခဲ့ပါတယ်။ ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံး သမီးလေးအား ချစ်၍ မဂခင် ကျွန်တော့်ဇနီးမှာ ပိုးထိ၍ ဆုံးပါးသွားပြန်ပါတယ်။ ကျွန်တော့်မှာကိုယ့်ဝမ်းစာ အတွက်တောင် အနိုင်နိုင်ရှာစားရမယ့် ဒုက္ခိတဆိုတော့

သမီးလေးကို ပြုစုပျိုးထောင်ဖို့ စွမ်းအားမရှိပါဘူး၊ ဒါကြောင့် ချစ်ရတဲ့သမီးလေးအား ရင်နာနာနဲ့ စွန့်ပစ်ဖို့ ကြိုးစားရခြင်းပါ။

မြို့မှာ စွန့်ပစ်မှာသာ ချမ်းသာသောသူက တွေ့ရှိကောက်ယူမွေးစားမည်ဆိုသည့် အတွေးဖြင့် မြို့မှာ လာစွန့်ခြင်းပါ၊ အရာရာသည် သမီးလေး၏ ကံတရားသာ ဖြစ်ပါသည်။

**ကျေးဇူးတင်စွာဖြင့်**

**ဒုက္ခတကြီး။**

ဘွားမြငြိမ်းသည် ဖတ်ပြီးသားစာရွက်လေးအား ဒေါ်နွယ်ငြိမ်းထံ ကမ်းပေးလိုက်သည်။

"အို- သနားစရာလေးပါလား ဒေါ်လေးရယ်"

ဒေးနွယ်ငြိမ်းသည် စာရွက်ကလေးအားဖတ်ပြီး ပြောလိုက်ခြင်းပါ။

"ဟုတ်တယ်နွယ်၊ တကယ့်သနားစရာလေးပဲ၊ ဒေါ်လေးတို့သူ့ကို လူတစ်လုံးသူတစ်လုံး ဖြစ်အောင် မွေးကြမယ်နော်"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ နွယ်တော့လေ ဒီကလေးကို မြင်မြင်ချင်းသိပ်ချစ်သွားပြီ"

"ရေစက်ပေ့ါကွယ်၊ ဒါနဲ့ သူလေးကို နာမည်ပေးရဦးမယ်"

"ဘယ်လိုပေးမလဲ ဒေါ်လေး"

"နေဦး ဒီနေ့ အင်္ဂါနေ့ဆိုတော့ ခဏလေး ဒေါ်လေး အသေအချာနာမည်ရွေးလိုက်ဦးမယ်"

ဘွားမြငြိမ်းသည် စာရွက်တစ်ရွက်ပေါ်တွင် အတန်ကြာဟိုခြစ်သည်ခြစ်လုပ်နေသည်။

ဒေါ်နွယ်ငြိမ်းကတော့ကလေးငယ်အား နို့မှုန့်ဖျော်ပြီး ဇွန်းကလေးနှင့် တိုက်နေသည်။

“နွယ်နွယ်ရေ ဒေါ်လေးအကြိုက်ဆုံး နာမည်တော့ရပြီ”

ဘွားမြငြိမ်းသည် ခဲတန်အား စားပွဲပေါ်တင်လိုက်ရင်း ပြောလိုက်ခြင်းပါ။

“ဘာနာမည်လေးလဲဟင် ဒေါ်လေး”

“ဒေါ်လေး အကြိုက်ဆုံးမှည့်မယ့် နာမည်လေးကတော့ စုလေးဖြူတဲ့”

***

## အပိုင်း (၂)

“အဲဒါနဲ့ စုလည်းဘွားနဲ့ နွယ်နွယ်တို့ ဆီရောက်လာတယ်ပေ့ါ ဟုတ်လား”

စုလေးဖြူသည်သူမ၏ ဘဂဇာတ်ကြောင်းကို နားထောင်အပြီး မေးလိုက်ခြင်းပါ။ ဘွားမြငြိမ်း သည် စုလေးဖြူ၏ ဆံနွယ်လေးများကို ထိကိုင်ရင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်စုရဲ့” စုလေးရောက်လာမှ ဘွားတို့နေအိမ်လည်း ကြေးစည်သံ၊ ဘရားရှိခိုးသံ အပြင် ကလေးငိုသံ တွေနဲ့ပါဝေစည်သွားတော့တယ်”

“အဟီးဘွားကလဲ ခု-စုကအူဂဲလေးမှ မဟုတ်တော့တာ ကလေးငိုသံ ဘယ်မှာကြားရတော့ လို့လဲ”

စု၏ ခေါင်းလေးကို ညင်သာစွာကိုင်လိုက်ပြီး အပြုံးအေးအေးလေးတစ်ပွင့်ဘွားမြငြိမ်းပြုံး မိသည်။

“စုရယ်၊ စုက ဘွားတို့လက်ပေါ်မှာတင် အရွယ်ရောက်ခဲ့ပေမယ့် ဘွားတို့စိတ်ထဲမှာတော့ စုဟာကလေးပဲ၊ ဘွားမျက်စိထဲမှာတော့ ကလေးတစ်ယောက်လိုပဲမြင်တယ်။

“ဘာလဲ စုစုတ်လေး ညည်းက ညည်းကိုယ်ညည်း လူကြီးဖြစ်ပြီလို့ သတ်မှတ်နေလို့လား”

“ဟာ-ဘွားကလဲ၊ ပေါက်ကရ၊ စုက စုကိုယ်စု ကလေးလေးပဲ ထင်နေတာပါ၊ စုကခုမှ အူဂဲလေးအူဂဲ အူဂဲ နို့ဆာတယ်ဘွားနို့တိုက် နွယ်နွယ်နို့တိုက်”

စုသည် ဘွားမြငြိမ်းနှင့် ဒေါ်နွယ်ငြိမ်းတို့ အကျီများကို

လိုက်လှန်တော့သည်။

“ဟဲ့-ဟဲ့ ကောင်မလေးအို မ ကြီးမငယ်”

“အူဂဲ-အူဂဲ ကလေးလေး နို့ဆာတယ်”

စု၏ အပြုအမူကြောင့် သုံးယောက်သားပျော်ရွှင်စွာရယ်မိကြတော့သည်။

ဘွားမြငြိမ်းဒေါ်နွယ်ငြိမ်းတို့သည် စုအား မြေးရင်းလေး သမီးရင်းလေးသဖွယ် ချစ်ခင်ကြ သည်။ ယုယကြသည်၊ ဂရုစိုက်ကြသည်။

စုကလည်း ဘွားမြငြိမ်းတို့ ချစ်အောင်နေထိုင်တတ်သည်။

ဘွားငြိမ်းတို့မှာလည်း စုကို ချစ်လိုက်တာ တုန်လို့။

ဘာမျှ မလုပ်ခိုင်းရက်။

စာကိုသာ ကြိုးစားခိုင်းသည်။

စုကလည်း ဘွားသို့ နွယ်နွယ်တို့ သဘောကျ စာကြိုးစား သလို မခိုင်းသည့်ကြားမှ အိမ်အလုပ်များကို ဝင်ရောက်လုပ်ကိုင်ပေးတတ်သည်။

စု၏ အချွဲ၊ စု၏ အသံစာစာကလေးများဘွားတို့၏ အသည်းကို ကိုင်လှုပ်နိုင်သည့် မဟာဆွဲအား....

စု၏ သာယာသော ချွဲပလီသံလေးများသည် အိမ်၏ ဆည်းလည်းသံသာ....

ဒီလိုနှင့်စုသည် တက္ကသိုလ်ပထမနှစ်ကျောင်းသူ ဖြစ်လာပြီ။ ဘွားနှင့်နွယ်နွယ်တို့သည် စုကိုချစ်သောကြောင့်စုသူငယ်ချင်းများ အိမ်လာလည်ပါက ပျူငှာစွာ အကျွေးအမွေး များဖြင့် ဧည့်ခံ တတ်သည်။

စု၏ သူငယ်ချင်းများသည်လည်း စုကဲ့သို့ လိမ္မာယဉ်ကျေးသော လူငယ်လေးများသာ ဖြစ်ကြသည်။

“ဘွားရေ စုရှိလားဟင်”

ဘွားသည် စကားသံကြောင့် မျက်မှန်အောက်မှ သိပ်မမှုန်သေးသော မျက်ဝန်းများဖြင့် အိမ်ပေါက်ဝသို့ ကြည့်လိုက်သည်။

“ဟော့ - စုရှိတယ်၊ လာကွယ့် ကလေးက စပယ်ကြည်မဟုတ်လား”

“ဟုတ်ပါတယ် ဘွားရဲ့၊ ဘွားနေကောင်းလား”

စပယ်ကြည်သည် ဘွားခြေရင်းတွင် ဝင်ထိုင်လိုက်ပြီး ဘွား၏ ခြေဖျားလေးများအား ဆုပ်နယ်ပေးနေသည်။

“အို.....ကလေးမလုပ်ပါနဲ့ကွယ် ရပါတယ် နေဦး....ဘွား- စုကိုခေါ်လိုက်ဦးမယ်၊ ဟဲ့-ကလေး ခုံပေါ် တက်ထိုင်စမ်းပါကွယ်”

စု၏ သူငယ်ချင်း အားလုံးသည် ဘွားကို ချစ်ကြသည်။ ရိုသေကြသည်၊ ဘွား၏ မေတ္တာ စေတနာများ အောက်တွင် စုတို့သူငယ်ချင်းများ ချစ်ခင်စွာ ရှိနေကြသည်။

အိမ်ရှေ့မှ ဆူညံဆူညံအသံကြောင့် စုထွက်လာသည်။

“အမယ် စပယ်ပါလား၊ တော်က ကျုပ်အဘွားကို ကပ်ချွဲနေတယ်ပေ့ါလေ”

ဟစု၏ ခါးလေးထောက်ပြီး ရန်တွေ့နေပုံက ချစ်စဖွယ်။

စုကိုကြည့်ပြီးဘွားနှင့်စပယ်ကြည်တို့ ရယ်မိကြသည်။

“ကျုပ် ဘာမှ ကပ်မချွဲရပါဘူးဟယ်၊ စုဘာလုပ်နေတာလဲ”

“စု စာဖတ်နေတာ၊ စပယ် ဘယ်က လှည့်လာတာလဲ စုဆီ သက်သက်ပဲလား”

“အေး”

“ဒီနေ့မှ တနင်္ဂနွေ၊ ကျောင်းပိတ်တာဖြင့် တစ်ရက်ပဲ ရှိသေးတယ် လွမ်းနေကြပြီလား၊ မနက်ဖြန်ပဲ ကျောင်းတက်ရတော့မှာ သူငယ်ချင်းတွေ ကဲကိုကဲတယ်၊ တစ်နေ့မတွေ့ရရင် မနေနိုင်ကြတော့ဘူးလား”

အဘွား၏ အပြောကြောင့် ရယ်မိကြပြန်သည်။

“အဟီး ဘွားကလဲ”

“ကဲ ကဲ လွတ်လွတ်လပ်လပ် စုအိပ်ခန်းထဲမှာ စကားသွားပြောကြ”

“ဟုတ်ကဲ့ဘွား”

စုနှင့် စပယ်တို့သည် အိပ်ခန်းထဲရှိ စုစားပွဲပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။

စပယ်က စု၏ ဖက်ခေါင်းအုံးရှည်ကြီးအားရင်ခွင်ထဲ ဆွဲသွင်းထားသည်။

“စပယ် နင် ထမင်းစားပြီးပြီလား”

“ပြီးပြီဟ၊ ဝက်သားဟင်းနဲ့ စုတို့ရော ဘာချက်လဲ”

“စုတို့က မှိုနဲ့ ကန်စွန်းရွက်ကြော် စားကြတယ် စပယ်ရဲ့”

“ဟ ကောင်းတယ်၊ အပြန်ကျရင် စပယ် ထမင်းစားသွားဦးမှ”

“စားသွားပါတော် စားသွားပါ၊ ဒါမှ အိမ်မှာ ထမင်းကျန် ဟင်းကျန် မရှိမှာ”

“စု စုတ် ငါကပဲ ထမင်းကျန် ဟင်းကျန် စားသလိုမျိုး”

“အဟဲ၊ စ,တာပါကွာ”

“စုရေ၊ ငါတို့ တနင်္လာနေ့ကျရင် ရုပ်ရှင်သွားကြည့်ရအောင်ကွာ”

“ဟာ စပယ်ကလဲ ပရယ်တီကယ်ပြီးရင် သွားကြည့်မှာပေ့ါ၊

ကျန်တဲ့အတန်းကတော့ တစ်ရက် တစ်လေးလေးဖျက်လိုက်ကြတာပေါ့”

“အေး၊ တစ်ရက်တစ်လေဆိုပြီး ပျက်ပျက်နေတာများ ပြီနော်
စပယ်မကြည့်လုပ်ဦး၊ တော်ကြာ တက္ကသိုလ်ရောက်မှ စာမေးပွဲကျရတယ်ဆိုပြီး
ရာဇဝင်ရိုင်းနေဦးမယ်”

“အဟဲ- စုလေးကလည်းကွာ၊ တစ်ရက်တည်းပါကွာ၊ စပယ်တို့က
တစ်ရက်ပျက်ရင်အဲဒီ ပျက်တဲ့တစ်ရက်အတွက် စာတွေကူးပြီးပြန်ကျက်ပါတယ်နော်”

“အေးပါ၊ အေးပါ စုလည်း စပယ်တို့နဲ့ ပေါင်းပြီး အခုမှ ကျောင်းတက်ပြီး
အတန်းလစ်တတ်တဲ့ အကျင့်ဖြစ်နေပြီ”

“ကောင်းမ၊ သူများတကာကိုပဲ အပြစ်ပြော၊ ရုပ်ရှင် ကြည့်မလား ပြောရင်
နှစ်ခါမငြင်းဘူး၊ တစ်ခါပဲငြင်းပြီး တော့ လိုက်တာပဲ၊ လုပ်မနေနဲ့ မထူးဘူး”

“ဟို- နှစ်ယောက်ကလိုက်ပါဦးမလား စပယ်ရဲ့”

ဟိုနှစ်ယောက်ဆိုသည်မှာ စုတို့သူငယ်ချင်း မော်မော်စိုးနှင့် နုနုထားတို့
ဖြစ်သည်။

စုလေးဖြူ၊ စပယ်ကြည်၊ မော်မော်စိုးနှင့် နုနုထားတို့မှာ သိပ်ချစ်ကြသော
သူငယ်ချင်းများ ဖြစ်ကြသည်။

တစ်ယောက်၏ အလိုကို
တစ်ယောက်ကကြည်ဖြူစွာလိုက်လျောလေ့ရှိကြသည်။ ပြောမနာ၊ ဆိုမနာ
သူငယ်ချင်းများပင်။

ယခုကဲ့သို့ပင် သူငယ်ချင်းတစ်ယောက်က ရုပ်ရှင်ကြည့်ချင်တယ်ဆိုပါက
ကျန်သူများက မကြည့်ချင်လည်း လိုက်ကြည့်စမြဲ။

သူငယ်ချင်းလေးယောက်ထဲတွင် စပယ်ကြည်က အဆိုးဆုံးပင်၊
ရုပ်ရှင်ဝါသနာအိုး။

ခဏာခဏာရပ်ရှင်ကြည့်ချင်နေသည်။ သူ့ကြောင့်ပင် သူငယ်ချင်းများ၊ အမြဲရုပ်ရှင်လိုက်လိုက် ကြည့် နေရသည်။

များသောအားဖြင့် သူငယ်ချင်းများမှာ တစ်ယောက်အနွံ့အတာကိုတစ်ယောက် ခံကြစမြဲ။

သူငယ်ချင်းလေးယောက်၏ ထူးခြားချက်မှာ တစ်ဦးတည်းသော သမီးများ ဖြစ်ကြခြင်းပင်။

စပယ်ကြည်၏ မိဘများဖြစ်တဲ့ ဦးလှကြည်နှင့် ဒေါ်လှချို့တို့မှာ ပဘာနန္ဒီစားသောက်ဆိုင် ပိုင်ရှင်များ ဖြစ်ကြသည်။ ဒါကြောင့်ပင်ထင်သည်၊ စပယ်ကြည်မှာ အစားပုပ်မလေး ဖြစ်နေသည်။

စုတို့နှင့်အတူ ပဘာနန္ဒီကို အမြဲသွားပြီး အမြဲသွားစားတတ်သလို ကျောင်းကင်တင်းများ ကိုလည်း အလွတ်မပေးတတ်။

နောက် တစ်ယောက်ကတော့ ဒေါက်တာ ခင်မောင်နှင့် ဒေါ်ခင်စိုးတို့၏ သမီးမော်မော်စိုး။

သူကတော့ ဓာတ်ပုံဝါသနာအိုး။

ဓာတ်ပုံဆရာရှိတဲ့နေရာတိုင်း ဓာတ်ပုံရိုက်ခံလေ့ရှိသည်။

အနည်းဆုံးတစ်ပုံလောက်တော့ အရိုက်ခံရမှ စိတ်ကျေနပ်စမြဲ။

နောက်တစ်ယောက်ကတော့ မထင်းခေါ်နုနုထား။

နုနုထား၏ မိဘများမှာလင်းအရဏ်ဆန်ရောင်းဝယ်ရေး ပိုင်ရှင်ဦးခင်နိုင်နှင့် ဒေါ်ခင်ထားတို့ ဖြစ်ကြသည်။

နုနုထားကတော့ စာသမား။

ကျောင်းက ပေးသမျှစာ၊ ကျူရှင်က ပေးသမျှ စာအကုန်ကျက်။

သူ့ကြောင့်ပင် စုတို့အတန်းမှန်နေခြင်းပင်။

ဒါတောင် စပယ်ကြည်ကြောင့် တစ်ပတ်တစ်ခါလောက်အတန်းတစ်ခုပျက်စမြဲ။

သူငယ်ချင်း လေးယောက်ကတော့ ဘာအကြောင်းမဆို တိုင်တိုင်ပင်ပင် ဘယ်သွားသွား တပူးတွဲတွဲ။

ကောင်လေးတွေကို သိပ်ဂရုမစိုက်တတ်။

သူငယ်ချင်း လေးယောက်ထဲတွင်တော့ စုကအထင်ပေါ်ဆုံး။

ချစ်စရာအကောင်းဆုံး....အလှဆုံး။

လေးယောက်ထဲတွင် အငယ်ဆုံး၊ မိဘနှစ်ပါးမရှိတော့ ၍ ကျန်သုံးယောက်ကလည်း သနားစိတ်ကလေးနှင့် အချစ်ဆုံး။

အလိုလိုက်ကြဆုံးပင်။ စုမှာတော့ ဆွေမရှိ မျိုးမရှိသောကြောင့် ဒီသူငယ်ချင်းသုံးယောက်ကို အစ်မများသဖွယ် ချစ်နေတော့သည်။

***

## အခန်း (၃)

စုသည် ကျောင်းပိတ်ရက်ဖြစ်၍ အားနေသည်။

စာမေးပွဲနီးပြီးဖြစ်၍ စပယ်ကြည်အား ရုပ်ရှင်မကြည့်ရန် ပြောထားရသည်။

မထားက စု၊ စပယ်နှင့် မော်မော်တို့အား ကျောင်းပိတ်ရက်တွင် ဘယ်မှလျှောက်မသွားဘဲ စာကျက်နေရန် မှာထားသည်။

ဒါကြောင့်လည်း ခုစု စာကျက်နေခြင်းပင်။

“အိမ်ရှင်တို့ အိမ်ရှင်တို့”

ခြံရှေ့မှခေါ်သံကြောင့် စု ပြေးထွက်ခဲ့သည်။

“လာပြီဗျို့”

ခြံပြင်တွင် စုထက် အသက် ခုနစ်နှစ် ခန့်ကြီးပုံပေါ်သော လူရွယ်တစ်ယောက်။

ရှည်လျားသောအရပ်၊ ဖြူဝင်းသော အသားအရေနှင့် သန့်မာထွားကျိုင်းသောကြောင့် ကြည့်၍ ကောင်းနေသည်။ သူ၏ ရှည်လျားသော အရပ်ကြောင့် ငါးပေသုံးလက်မခွဲရှိသောစုပင် မော့ကြည့်နေရသည်။ စုတို့ ခြံတံခါးထက်ပင် ခေါင်းတစ်လုံးပိုနေသည်။

“ဒါ ဘွားမြငြိမ်းတို့ အိမ်ပါနော်”

ချိုသာသောအသံနှင့်မေးလိုက်သည်။

"သြော်....ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ဘွားမြငြိမ်းတို့ အိမ်ပါ"

"ဘွားမြငြိမ်းနဲ့ တွေ့ချင်လို့ပါ"

"ဒါဆို လာလေ"

စုခြံတံခါးပဖွင့်ပေးလိုက်သည်။

"စုနောက် လိုက်ခဲ့"

လူရွှယ်သည်တင်ကလေး လှုပ်တုပ်လှုပ်တုပ်ဖြင့် ရှေ့မှ ဦးဆောင်သွားနေသော စုနောက်မှ ရင်ခုန်စွာလိုက်ပါပေသည်။

စုသည် လူရွှယ်အား ဧည့်ခန်းတွင် နေရာချပေးလိုက်သည်။

"ခဏထိုင်ဦးနော်"

"ဘွားရေ....ဘွား"

အဘွားဖြစ်သူအား အသံစူးစူးလေးနှင့် အော်ခေါ်နေသော စုကို လူရွှယ်သည် သဘောကျစွာကြည့်နေမိသည်။

"ဟဲ့စုရယ် အလန့်တကြားဘာလို့ ဒီလောက်အော်ခေါ်နေရတာ လဲ"

ဘွားသည် စုအား တဖျစ်တောက်တောက် ပြောရင်း ဧည့်ခန်းထဲဝင်လာသည်။

"ဘွား၊ ဒီမှာ ဘွားနဲ့ တွေ့ချင်လို့တဲ့"

စုသည် လူရွှယ်ကိုလည်း ညှိုးထိုးပြီး ပြောလိုက်သည်။

လူရွှယ်သည် ဘွားအား ပြုံးကြည့်နေသည်။

ဘွားသည် လူရွှယ်အား မမှန်မိဟန်နှင့် မျက်မှောင်ကုပ်ကာ ကြည့်နေသည်။

"ဘွား၊ သားကို မမှတ်မိဘူးလား၊ ဒေါ်လေးဦး မြေးလေ...."

"ဟင် မလေးဦး မြေး"

ဘွား၏ မျက်နှာသည် ဝင်းပသွားသည်။ မလေးဦး မြေးဆိုသည့်လူရွယ်သံ တိုးကပ်သွားသည်။ လူရွယ်၏ လက်မောင်းကြီးများကို ချစ်ခင်စွာ ဆုပ်ကိုင်လိုက်သည်။

"သား၊ သားက လင်းလင်းပေ့ါနော်"

"ဟုတ်ပါတယ်ဘွားရဲ့၊ သားကညိုလင်းမျိုး-လင်းလင်းပါ"

"အမယ်လေးတော် သားက ထွားလာလိုက်တာ နည်းတဲ့အရပ်ကြီး မဟုတ်ဘူး၊ နွယ်နွယ်ရေလာပါဦး ဒီမှာ နင့်တူရောက်နေတယ်"

ဘွားအသံကြောင့် ဒေါ်နွယ်ငြိမ်း ရောက်လာသည်။

"ဒေါ်လေးနွယ် နေကောင်းလား သား လင်းလင်းလေ"

"အားပါး လင်းလင်းရယ် ထွားလိုက်တာ- နည်းတဲ့ လူကောင်ကြီးမဟုတ်ဘူး၊ ငယ်ငယ်ကနဲ့ တခြားစီပါလား"

"အေးကွယ်၊ သူမပြောရင် ဘွားလုံးဝမမှတ်မိဘူး၊ ဒါနဲ့ လင်းလင်း မလေးဦးကော နေကောင်းရဲ့လား၊ တွေ့ချင်လိုက်တာကွယ်"

ဘွား၏ အမေးကြောင့် ညိုလင်းမျိုး မျက်နှာ ညှိုးသွားသည်။

"အဘွား ဆုံးသွားပြီ ဘွားရဲ့"

"ဟင် မလေးဦး ဆုံးသွားပြီ ဟုတ်လား"

"ဟုတ်တယ်ဘွား၊ နှစ်နှစ်ကျော်ပြီ"

"အိုကွယ်....အင်း၊ အဆက်အသွယ်တွေက ပြတ်နေတော့ မလေးဦးဆုံးတာ ခုမှပဲ သိတော့တယ်"

"ဘွားဘွားကလဲ မဆုံးခင် ဘွားတို့အကြောင်းပဲ အမြဲပြောနေတာ၊ သားတို့လဲ ဘွားတို့ကို အမြဲသတိရနေတာပါ ဘွားရယ်"

"ဘွား ဒီမှာ"

စုသည် ကော်ဖီနှင့် မုန့်ပန်းကန်ကို ဗန်းလေးနှင့်ထည့်လာပြီး ဘွားကို လှမ်းပေးလိုက်သည်။ ဘွားက စုပေးသော ဗန်းလေးကို ယူလိုက်သည်။

"သား ရော့ ကော်ဖီသောက်၊ မုန့်စား"

"အာ ဘွားရယ်တော်ပါပြီ၊ သားမသောက်တော့ဘူး"

"အို-မဟုတ်တာ လင်းလင်းကလဲကွယ် သောက်လိုက်ပါ"

နွယ်နွယ်ပါ ဝင်ပြောနေသည်။ စုကတော့ ထောင့်က လေးတစ်နေရာတွင်ကပ်ပြီး ဘွားတို့ပြောနေပုံကို နားထောင်နေသည်။

ညိုလင်းမျိုးသည် ဘွားတို့ပြောနေပုံကို နားထောင်နေသည်။

ညိုလင်းမျိုးသည် ဘွားတို့နှင့် အချိန်အတော်ကြာစကားပြောပြီး ပြန်ရန်ပြင်လိုက်သည်။

"ဘွားနဲ့နွယ်နွယ်၊ လင်းလင်းကို သွားခွင့်ပြုပါဦး"

ဟဲ့ ပြန်တော်မလို့လား၊ ထမင်းစားသွားဦးလေ"

"ဟာ မစားတော့ဘူးဘွား၊ လင်းလင်း ရန်ကုန်ရောက်ရင် ဘွားတို့ဆီ အမြဲလာလည်မှာပါ၊ ခုတော့ လင်းလင်းကို ခွင့်ပြုပါဦး လင်းလင်းဘွားနဲ့ ဒေါ်လေးနွယ်ကို ကန်တော့ပါတယ်"

ညိုလင်းမျိုးသည် သူ၏ ကျောပိုးအိတ်ထဲမှ ဟောလစ်ပုလင်း နှစ်ပုလင်း၊ သကြား ငါးဆယ်သားထုပ်နှစ်ထုပ်၊ ကုလားမခြင်းတောင်းဆွဲ နို့ဆီဘူး ၃ဘူးတို့ကို ထုတ်ယူလိုက်ပြီး ဘွားရှေ့တွင် ထားကာ ထိုင်ကန်တော့နေသည်။ ဘွားသည်

လင်းလင်း၏ ဦးခေါင်းလေးအား ပွတ်သပ်ပြီး ဆုတွေ တစ်သီကြီး ပေးနေသည်။

“ဘွား လင်လင်း ပြန်တော့မယ်”

“အေးကွယ်....အေး၊ ဩော်လင်းလင်း စုကို မှတ်မိလား”

ဘွားသည် ပြန်ရန်ပြင်နေသော ညိုလင်းမျိုးအား မေးလိုက်သည်။

ညိုလင်းမျိုးသည် အိမ်ထောင့်လေးတွင် ကပ်နေသောစုအား စူးစူးလေးတစ်ချက်ကြည့် လိုက်သည်။

“မှတ်တော့မမှတ်မိဘူး ဘွား၊ သား ရှစ်တန်းတုန်းက တစ်ခါပဲမြင်ဖူးတယ်လေ၊ အဲဒီ တုန်းက သူ ငယ်ငယ်လေးပဲ ရှိသေးတယ်၊ အခု ဘွားအိမ်မှာမို့ သူ့ကို မမှတ်မိပေမယ့် ဘွားနဲ့ နွယ်နွယ်တို့ရဲ့သမီး စုမှန်း သိပါတယ်ဗျာ”

“အခုနေများ လမ်းမှာတွေ့လို့ကတော့ ဘယ်မှတ်မိပ့ါမလဲ၊ စုက အပျိုကြီးတောင်ဖြစ်နေပြီပဲ”

ညိုလင်းမျိုး စကားကြောင့် စုရှက်ပြုံးလေး ပြုံးမိသည်။

“ဒါနဲ့ စဟာစု ဘယ်နှစ်တန်းရောက်ပြီလဲ”

“စု လှိုင်နယ်မြေမှာ ပထမနှစ်တက်နေပါတယ်”

“တက္ကသသိုလ် ကျောင်းသူကြီးတောင်ဖြစ်မှကိုး၊ တက္ကသိုလ် ကျောင်းသူဘဝကတော့ ပျော်စရာကြီးပေ့ါစုရာ၊ ဒါပေမယ့် ပျော်သင့်သလောက်တော့ပျော်ပေ့ါ၊ မီးကုန်ယမ်းကုန်တော့ မပျော်သင့်ဘူး၊ စုနားလည်ပါတယ်နော်၊ လူတစ်ယောက်မှာ ရည်ရွယ်ချက်ဆိုတာရှိရတယ်”

စုကို တည်တည်စူးစူးကြည့်ပြီး တည်ကြည်စွာပြောနေပုံကြောင့် စုအနေခက်မိသည်။ သူ့စကားကို ခေါင်းကလေး ညိတ်ပြီး ထောက်ခံမိသည်။

"စု စားကြိုးစားနော်၊ လိုအပ်တာရှိလဲ ကို့ကိုအကူအညီတောင်းနိုင်တယ် သိလား၊ ဘာမှအားနာစရာမလိုဘူးနော်"

"ဟုတ်ကဲ့ပါ ဦးညိုလင်းမျိုး"

"ဦး"တပ်ပြီး အခေါ်ခံရသောကြောင့် ညိုလင်းမျိုးတွန်ခနဲ ဖြစ်သွားသည်။

ဘာမှတော့ပြန်မပြော။ ခေါင်းတစ်ချက်ညိတ်ပြီး ပြုံးလိုက်မိသည်။

ကျောပိုးအိတ်ကလေးကိုကောက်လွယ်လိုက်သည်။

"ဘွား....ဒေါ်လေးနွယ်၊ သားပြန်လိုက်ဦးမယ်နော်၊ စု ကို ပြန်တော့မယ်နော်"

"ဟုတ်"

စုတို့ကိုနှုတ်ဆက်ပြီး ညိုလင်းမျိုး ပြန်သွားတော့သည်။

ဘွား ပြောပြသဖြင့် ညိုလင်းမျိုးအကြောင်းကို စုံနေအောင် စု သိလိုက်ရသည်။

ညိုလင်းမျိုး၏ အဘွား မလေးဦးမှာ ဘွား၏ ညီမ တစ်ဝမ်းကွဲ့ဖြစ်သည်။

မလေးဦးတွင် သမီးတစ်ယောက်တည်းထွန်းကားခဲ့သည်။

မလေးဦးသမီး မမြပွင့် အရယ်ရောက်သောအခါ သူဌေး ဦးချစ်ဆိုင်နှင့် အကြောင်းပါခဲ့ သည်။

မမြပွင့်မှာ ဦးချစ်ဆိုင်နှင့် ညိုထားခင်၊ ညိုမေလွင်၊ ညိုလင်းမျိုးနှင့် ညိုဇင်သွင် ဟူသော သားတစ်ယောက် သမီးသုံးယောက် ထွန်းကားခဲ့သည်။ သမီးငယ်ညိုဇင်သွင် တစ်နှစ်သမီး အရွယ်တွင် မမြပွင့်ကွယ်လွန်သွားခဲ့သည်။ မောင်နှမလေးဦးမှာ အဘွားဖြစ်သူ ဒေါ်လေးဦး၏ လက်ပေါ်တွင် ကြီးပြင်းခဲ့ရသည်။ မောင်နှမလေးယောက်မှာ အမိမရှိတော့သော်လည်း ဖခင်နှင့် အတူ

ပျော်ရွှင်စွာနေနေရသည်။ ကံဆိုးချင်တော့ ညိုလင်းမျိုး လေးတန်း ကျောင်းသား အသက်ရှစ်နှစ်အရွယ်တွင် ဖခင်ဦးချစ်ဆိုင်ရုတ်တရက် ဆုံးပါးသွားပြန်သည်။

ဦးချစ်ဆိုင်မှာ် သွေးရိုးသားရိုး ဆုံးပါးခြင်း မဟုတ်။ စီးပွားပြိုင်ဖက်တစ်ဦးက လုပ်ကြံလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် မျက်မြင်သက်သေမရှိသောကြောင့် တရားခံ မဖမ်းမိပေ။ ဦးချစ်ဆိုင်ဆုံးချိန်တွင် မလေးဦး အိမ်မှာ်မရှိ။ ဘုရားဖူးထွက်ချိန်နှင့် ကြုံနေသည်။ အိမ်တွင် ကလေးတွေသာ ကျန်နေသည်။ဦးချစ်ဆိုင်ဆုံးတော့ ဆွေမျိုးများ ရောက်လာကြပြီး ညိုလင်းမျိုးတို့အိမ်ရှိပစ္စည်းများကို တစ်ယောက်လျှင် တစ်စုစ၊ နှစ်စုစနှင့် ယူယူသွားကြသည်။

ညိုလင်းမျိုးတို့မှာ ကလေးတွေမို့ ဘာမှမပြောနိုင်။ မယူနဲ့ပြောလည်းမရ ဖြစ်နေသည်။ ဖခင်ကိုးကွယ်သော ဆရာတော်ရောက်လာပြီး ဦးချစ်ဆိုင်ပိုင် စိန် ရွှေ ရတနာတို့ကို အသိသက်သေ များထား၍ သိမ်းဆည်း ထားလိုက်ရသည်။ မလေးဦး ပြန်ရောက်တော့ စာရင်းနှင့်တကွ ပြန်အပ်ပေးသည်။ ဘုန်းတော်ကြီး ကျေးဇူးကြောင့်သာ စိန်ရွှေရတနာများအလေအလွင့်မရှိခြင်း၊ မပျောက်ပျက်ခြင်းပင်။

ဘွားမြငြိမ်းနှင့် မလေးဦးတို့မှာ ညီအစ်မဝမ်းကွဲပေမယ့် ညီမရင်းတမျှ ချစ်ခင်ကြသည်။ ဘွားမြငြိမ်းမှာလည်း မိဘမဲ့ မောင်နှမလေးဦးကို ကရုဏာပိုကာ ချစ်ခင်တွယ်တာနေမိသည်။ သို့သော်လည်း ကံကြမ္မာ အပြောင်းအလွဲကြောင့် ချစ်ခင်ရသူများနှင့်ကွေကွင်းကာ ရန်ကုန်မြို့သို့ ရောက်ရှိလာတော့သည်။

ထိုမှတစ်ဖန် သံယောဇဉ်ကြိုးသစ် တစ်ချောင်းဖြစ်သည့် စုလေးဖြူနှင့် ရေစက်ဆုံခဲ့ကြ ခြင်းပင်။

***

## အခန်း (၄)

သူငယ်ချင်းလေးယောက်ကို တင်ဆောင်လာသော စပယ်ကြည်၏ ကားဖြူလေးသည် ပြည်သူ့ဥယျာဉ်ထဲသို့ ညင်သာစွာဝင်ရောက်လာသည်။

ကားရပ်နားရာနေရာတွင် ကားကို သော့ပိတ်ထားခဲ့ပြီး လေးယောက်သား ပန်းခြံထဲ လျှောက်ခဲ့ကြသည်။

“စိတ်ညစ်ပါတယ်၊ ဒီကလေးတွေနဲ့တော့ တော်တော်ခက်သေးတာပဲ၊ စာမေးပွဲနီးပြီ၊ ရုပ်ရှင်မကြည့်နဲ့ စာကျက်လို့ပြောတာ နားတော့ထောင်ပါရဲ့၊ အဲ တစ်ပတ်လောက်လည်းကြာရော စာကျက်ရတာ နဲ့ ငြီးစီစီ ဖြစ်သလေး ဘာလေးနဲ့ လုပ်ကြပြီ…

“ဟိုလမ်းစားမ မပယ်ကြည်၊ ဆင်ခြင်တော့နော်၊ စာမေးပွဲ နီးနေပြီ၊ လမ်းအထွက်လျှော့”

“အဟီး မထားကလဲ၊ ဒီတစ်ခေါက်ထဲပါ၊ မထားစကား စပယ်နားထောင်ပါ့မယ်၊ အဟဲ မဆူနဲ့တော့နော်၊ ပန်းခြံရောက်တုန်း ပျော်ပျော်နေကြတာပေါ့ နော်နော်”

ဗျစ်တောက်၊ ဗျစ်တောက်နှင့် ပြောမဆုံး ဖြစ်နေသော နုနုထားကို စပယ်ကြည် မျက်နှာချိုသွေးနေရသည်။ နုနုထားကတော့ စာကြမ်းပိုးပီပီ စာမကျက်ရ၍ ဗျစ်တောက်၊ ဗျစ်တောက်နှင့်ပြောလေခြင်းပင်။

သို့သော်လည်း စပယ်ကြည်ပန်းခြံသွားချင်တယ်ဆိုပြန်တော့လည်း ထုံးစံအတိုင်း လိုက်ခဲ့ရပြန်ပြီပေါ့။

ပန်းခြံရောက်တုန်း ရောက်ခိုက် စိတ်ချမ်းသာအောင်နေလိုက်မည်ဟု စိတ်ကူးကာ ပန်းလှလှလေးများ ကို ငေးရင်းလျှောက်နေမိသည်။

“မော်မော် ဟို ပန်းရုံးလေးက လှတယ်နော်”

လှပစွာပြုပြင်ထားသော ပန်းရုံလေးကိုကြည့်ပြီး အတူလျှောက်လာတဲ့ မော်မော်စိုးအား ပြောလိုက်သည်။

“လာ မော်မော် ဟိုခုံတန်းလေးမှာထိုင် အဲ...”

နုနုထားစကားမဆုံးလိုက်ရပါ။ နံဘေးတွင် မော်မော်စိုးပါလာသည် အထင်နှင့်စကားတွေ ပြောနေရာမှ ပြန်ပြောသံစကားမကြား၍ ကြည့်မိရာ မော်မော်စိုး မရှိတော့။

မော်မော်စိုးတင် မဟုတ်၊ စုလေးဖြူနှင့် စပယ်ကြည်ပါ မတွေ့တော့။

“အဲ ဘယ်ရောက်သွားပါလိမ့်”

“စု ငါ ဒီလိုနေတာလှလား”

“အာ၊ လက်ကြီးက တောင့်တောင့်ကြီး၊ နည်းနည်းဖျော့ထား ဟုတ်ပြီ၊ မျက်နှာကပြုံးလေ”

တစ်ဖက်ပန်းခြံအကွယ်မှ စကားသံများကြောင့် နုနုထားသိလိုက်ပါပြီ။ ဓာတ်ပုံဝါသနာအိုးမ မော်မော်စိုးတို့က တော့ ဓာတ်ပုံရိုက်နေပြီဟု။

“မိန်းမတွေ ငါ့မှာတော့ သူတို့ ငါ့အနားမှာရှိနေတယ် အထင်နဲ့ ဟိုငေး ဒီငေးလုပ်ရင်း စကားတွေ ပြောလာတာ သူတို့က ငါ့မပြောမဆိုနဲ့ ဒီဘက်မှာ ဓာတ်ပုံရိုက်နေတာကိုး....”

မော်မော်စိုးမှာ ဓာတ်ပုံဆရာ မြင်သည်နှင့် မရိုက်ရဘဲမနေနိုင်။ ဓာတ်ပုံဆရာအား ပြေးခေါ်ပြီးသား ဖြစ်နေသည်၊ နုနုထားအား ပြောဖို့သတိမရ။

နုနုထားမှာလည်း ဟိုငေးဒီငေးနှင့်မို့ မပြောတော့။ စုနှင့် စပယ်ကို လက်တို့ခေါ်ပြီး ဓာတ်ပုံရိုက်နေခြင်း။

“မထား လာလေ ဓာတ်ပုံရိုက်ဦးမလား”

မော်မော်စိုးမှာ အိုက်တင်လုပ်နေရာမှ လှမ်းခေါ်နေသည်။

“အမယ်လေး တော်ပဲရိုက်ပါတော်၊ ကျွန်မ အေးအေးနေပါရစေ”

မော်မော်စိုးမှာ ဓာတ်ပုံအရိုက်ခံတာ ဝါသနာပါ၍ သာ ရိုက်နေခြင်း။ အိုက်တင်ကတော့ မလုပ်တတ်။ စုလေးဖြူသာ ပြပေးနေရသည်။ ဓာတ်ပုံဆရာမှာ စု၏ အမူအရာ ကိုယ်နေဟန်ထားကို ကြည့်ပြီးသဘောကျနေသည်။

ဓာတ်ပုံရိုက်ပြီးတော့ ဘောက်ချာရေးပေးသည်။

မော်မော်စိုးက စရန်ငွေကို ထုတ်ပေးလိုက်သည်။

စုတို့လည်း ပန်းခြံထဲလျှောက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

“ခဏညီမ”

ဓာတ်ပုံဆရာ၏ အသံကြောင့် စုတို့ခြေလှမ်းတုံ့သွားကြသည်။

“ကျွန်တော် စကားနည်းနည်း ပြောချင်လို့ပါ”

“ဪ ဟုတ်ကဲ့ ပြောပါ”

“ဒီက ညီမက ဖက်ရှင်မယ်လုပ်တာ ဝါသနာ ပါလားဟင်....”

စုကို ဦးတည်ပြီး မေးနေသည်။

“ဘယ်လို ဖက်ရှင်မယ်လဲ”

“ကိုယ့်ပိုက်ဆံကိုယ်ထုတ်၊ ကိုယ့်အဝတ်အစားကိုယ်ဝတ်ပြီး စင်ပေါ်မှာ ပြိုင်ရတဲ့ ဖက်ရှင်မယ်လား”

မော်မော်စိုးပါ ဝင်မေးလိုက်သည်။

"အင်း အဲလိုမျိုးလဲရှိတာပဲ၊ ကျွန်တော်ပြောတာက ဖက်ရှင်ပြပွဲပေ့ါနော် ပြိုင်ပွဲမဟုတ်ဘူး၊ ကိုယ်က အကုန်ခံစရာမလိုဘူး၊ ကိုယ့်ကိုကြိုက်လို့ အဲ အမူအရာ ကိုယ်နေဟန်ထားပေ့ါလေ သဘောကျလို့ လာငှားတဲ့သူက အကုန်အကျ ခံပေးတယ်၊ ဖက်ရှင်ပြပွဲတွေကတော့အမျိုးမျိုး ကျင်းပနေတာပဲလေ တစ်ချို့ကကိုယ့်ပစ္စည်းနာမည်တက်အောင် ဖက်ရှင် တွေနဲ့ပြပွဲလေးတွေ ကျင်းပနေကြတာပဲ...."

"အခုလည်း အဝတ်အစား ကုမ္ပဏီတစ်ခုက သူ့အဝတ်အစားတွေကို ကြော်ငြာတဲ့အနေနဲ့ ဖက်ရှင်ပြပွဲလေးတစ်ခု လုပ်မယ်တဲ့။ အဲ့ဒီ ကုမ္ပဏီက မန်နေဂျင်း ဒါရိုက်တာနဲ့ ကျွန်တော်နဲ့က ကျောင်းနေဖက်သူငယ်ချင်းတွေ ကျွန်တော်က ဓာတ်ပုံ ဝါသနာသမား ပြိုင်ပွဲတွေလည်း ဆုရဖူးပါတယ်"

"ကြားနေပြန်ပါပြီ"

ဓာတ်ပုံ ဆရာ၏ စကားကို စပယ်ကြည်က နှောက်လိုက်သည်။

"အဟဲ့၊ ကြားတာဝါသနာပါလို့နေပါ၊ အဲ့လေယောင်လို့ ကြုံလို့ပြောပြတာပါ၊ ပြီးတော့ မဂ္ဂဇင်းမျက်နှာဖုံးတွေလည်း ကျွန်တော် အမြဲရိုက်ပေးနေကျပါ တစ်ခါ တစ်လေတော့ ဒီပန်းခြံလာတတ်တယ်၊ ကျွန်တော်က ဓာတ်ပုံဆရာဆိုတော့ မိန်းကလေးတွေနဲ့ အမြဲ တွေ့နေရတယ်လေ၊ ဒါကြောင့် သူငယ်ချင်းက သူ့ကုမ္ပဏီဖက်ရှင်ပြပွဲအတွက် ဖြစ်နိုင်ခြေရှိတဲ့ မိန်းမလှလေးတွေ ရှာခိုင်းထားတယ်လေ"

"ဒါဆိုလည်း လွယ်ပါတယ်၊ ဖက်ရှင်မယ် ဆုရပြီးသား နာမည်ကြီးမယ်တွေ ရှိသားပဲ သွားငှားလိုက်ပေ့ါ"

စပယ်ကြည်၏ အပြောကို ဓာတ်ပုံဆရာက အပြုံးတစ်ချက်နှင့် စကားဆက်ပြန်သည်။

"ညီမပြောတာ ဟုတ်ပါတယ်၊ နာမည်ကြီး ဖက်ရှင်မယ် ငှားလိုက်ပြီးတာပါပဲ၊ ဒါပေမယ့် သူငယ်ချင်းက နာမည်မကြီးသေးပေမယ့် အလားအလာရှိတဲ့သူတွေ၊ အသစ်ကလေးတွေကို လိုချင်တာလေ၊ ဒါကြောင့် ရှာနေတာပေ့ါ"

"ဒီတော့...."

ခတ်ပုံဆရာ၏ စကားကို စုက ဆက်ပေးလိုက်သည်။

"ဒီတော့ အခု ညီမက အလားအလာရှိတယ်၊ ကိုယ်နေဟန်ထား အမူအရာရော၊ ရုပ်ရည်ပါ ပြောစရာမရှိဘူး၊ အဲဒါ ဝါသနာပါရင်လက်ခံဖို့ တောင်းဆိုတာပါ"

ခတ်ပုံဆရာ၏ တောင်းဆိုမှုကို စု စိတ်ဝင်စားပါသည်။ ဝါသနာလည်းပါပါသည်။ သို့သော် ဘွားနှင့် နွယ်နွယ့်သဘော မသိသေး။

"ဘယ်လိုလဲစု၊ စပယ်ကတော့ကြိုက်တယ်၊ စု ဘယ်လို သဘောရလဲ၊ ဝါသနာပါရင် လုပ်သာလုပ်"

"ဟုတ်တယ် စုရဲ့၊ မော်မော်လဲအားပေးတယ်၊ စမ်းလုပ်ကြည့်ပါလား"

မော်မော်စိုးနှင့် စပယ်ကြည်ကတော့ အပြတ်ကိုအားပေးနေသည်။

လက်ခံရင် ကောင်းမလား-မကောင်းလားဟုစဉ်းစားရင်း စုငြိမ်နေသည်။

"စုလေး....ဘာစဉ်းစားနေတာလဲ၊ စုသဘောပြောလိုက်လေ"

နုနုထားက စုလက်ကို ကိုင်လှုပ်ရင်း ပြောလိုက်သည်။

"ဟုတ်တယ်၊ ညီမသဘောပြောဦးမှပေ့ါ၊ ညီမက လက်ခံရင် ပြပွဲအတွက်စီစဉ်သင့်တာတွေ ဆက်စီစဉ်ရမယ်၊ လမ်းလျှောက်ကျင့်ဖို့ကိစ္စ၊ အမူအရာ အဝတ်အစားကိစ္စတို့၊ မိတ်ကပ်ပြင်တာတို့ စီစဉ်ရဦးမှာ၊ ပြပွဲရက်တောင်နီးနေပြီ"

"အင်း....ဟုတ်ပါပြီ၊ စုကလက်ခံပြီးထားပါ၊ ဘယ်လာရမှာလဲ"

“ကုမ္ပဏီလာရမှာပေ့ါ၊ လိပ်စာပေးမယ်လေ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော်လိုက်ပို့မယ်၊ ဟိုကျမှ ဖက်ရှင်ဆရာမနဲ့ လမ်းလျှောက်သင်ဖို့ အပ်ပေးရမှာ၊ ဘယ်လိုလဲ ညီမ လက်ခံလား”

“အင်း-လက်ခံတယ်၊ အဘွားတို့တော့ကြိုက်မှာမဟုတ်ဘူး”

“စုကလဲ တွေးပူနေပြန်ပါပြီ၊ စုဘွားက စုတစ်ချက်ချွဲလိုက်ရင်ရပါတယ်”

စု အဘွားအကြောင်းသိနေသော နုနုထားက ပြောလိုက်ခြင်းပါ။

ဒီလိုနှင့် ဓာတ်ပုံဆရာနှင့် သူငယ်ချင်းလေးယောက်တို့သည် စု ဖက်ရှင်ပြပွဲအကြောင်း အသေးစိတ် ဆက်လက်ဆွေးနွေး ကြတော့သည်။

ဒီလိုနှင့် စုတစ်ယောက် ဖက်ရှင်ပြပွဲများကို ဝင်ဝင်ပြရင်း ဖက်ရှင်မယ်ဖြစ်မှန်းမသိ ဖြစ်လာတော့သည်။

***